## အိပ်မက်ထဲလည်း . . သူပဲအနိုင်ယူ

"ထွက်သွားစမ်းပါ . ."
"ပြန်သွားလိုက်ပါ . ."
"မမြင်ချင်တော့ဘူး . ."
ရင်ထဲကနာကျင်စွာ . .
အော်ပစ်လိုက်ပေမယ့် . .
ရယ်မောရင်း . . ရှေ့တိုးလာ
"ရှင်ဟာ . . ကိုလူဆိုး"
အော်ဟစ်ရင်းလန့်နိုးပြီ။
ဪ . . ရှင်ကတော့လေ
အိပ်မက်ထဲတောင် အနိုင်ယူသူပဲ။





## နောင်ကျမှ . . နောင်တမရစေချင်

ထာဝရဘဝအတွက် . .
ချန်ထားရက်ခဲ့ပြီလား။
သေချာပြောသွားစမ်းပါ . .
ခုတ်ဖြတ်ခံရတဲ့သစ်ကိုင်းဟာ . .
ပြန်စိုက်ရင်အမြင်ရှိုင်းပေမယ့် . .
အစို့အညှောက်ထွက်လာချိန် . .
အသစ်ပြန်ရှင်သန်နိုင်တယ်။
နောင်ကျမှ . . နောင်တနဲ့ . .
တောင်းပန်ဖို့ခွင့်မပြုနိုင်ဘူး။
ပြောပါ . . ထာဝရထားခဲ့ပြီလား။

